ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ချောင်းစောက်ကျေးရွာ၊ ရေကျော်ကျေးရွာအုပ်စု၊ ကျောက်တန်းမြို့

# Contents


၁။ ကျောက်တန်းမြို့နယ် မြေပုံ ........................................................................................ 2

၂။ ရေကျော်ကျေးရွာအုပ်စုမြေပုံ ........................................................................................ 3

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ ........................................................ 4

၄။ ကျေးရွာအခြေခံအချက်အလက်များ ............................................................................ 4

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်............7

၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ ........................................................................................................ 9

၇။အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ................................... 21

၈။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ......................................... 24

၉။ ကော်မတီဝင်များစာရင်း.......................................................................................... 26

၁၀။ ပုံစံ စ-၁။ ကျေးရွာအချက်အလက် ............................................................................ 28

၁၁။ ပုံစံ စ-၂။ စီမံကိန်းစက်ဝန်းအချိန်ဇယား................................................................... 32


၁၂ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ......................................................... 34

၁၃။ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ........................................ 37


၁၄။ အစည်းအဝေးမှတ်တမ်းများ ................................................................................... 39

၁၅။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP) ......................... 43

# ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
သုံးခွသို့
ရန်ကုန်မြစ်
ကျောက်တန်းမြို့
တံတားမြို့
မုတ္တမပင်လယ်ကွေ့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ ရေကျော်ကျေးရွာအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ရေကျော်ကျေးရွာအုပ်စု ၂။ ချောင်းစောက်ကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

**၁။ ကျေးရွာသမိုင်းအကျဉ်း**

ချောင်းစောက်ကျေးရွာသည် ရွာ၏မြောက်ဘက်တွင် ကွေ့ကောက်စွာတည်ရှိနေသော ချောင်းကောက်ကို အစွဲပြု၍ ချောင်းကောက်ဟုခေါ်တွင်ရာမှ နှစ်များစွာပြောင်းလဲလာသောအခါ ချောင်းစောက်ကျေးရွာ ဟူဖြစ်ပေါ်လာပါသည်။ချောင်းစောက်ကျေးရွာသည် လွန်ခဲ့သောနှစ်ပေါင်း (၂၀၀) ခန့်က အိမ်ခြေ (၇၀) ခန့်ဖြင့် စတင်တည်ထောင်ခဲ့ရာယခုအခါ အိမ်ခြေ (၆၃၁)အိမ်၊ အိမ်ထောင်စု (၆၄၈)စု၊ လူဦးရေ (၂၁၈၃) ယောက် အထိများပြားလာခဲ့ပါသည်။ချောင်းစောက်ကျေးရွာသည် ကျောက်တန်းမြို့၏ အရှေ့မြောက်ဘက်တွင် တည်ရှိပြီး ခရီးမိုင်အားဖြင့်(၁၁)မိုင်ကွာဝေးပါသည်။ သန်လျှင်လမ်းမကြီးပေါ်မှဆင်းပြီး ဆေးလုံးကြီးကျေးရွာကိုဖြတ်ကာ ချောင်းစောက်ကျေးရွာသို့ ကျေးရွာခြင်းဆက်ကွန်ကရစ်ဘီးလမ်းရှိပါသည်။ ယခင်အချိန်က ထိုကျေးရွာ ချင်းဆက်လမ်းမှာ မြေသားလမ်းတာဘောင်လမ်းဖြစ်ပြီး မိုးရာသီတွင်သွားလာရေးခက်ခဲခြင်း ၊စိုက်ပျိုးသီးနှံများဈေးကွက်တင်ပို့ရန်ခက်ခဲခြင်း၊ ပညာရေးနောက်ကနေးခြင်း၊ ကျန်းမာရေးအတွက်ခက်ခဲခြင်း စသည့် အဆင် မပြေမှုများစွာရှိပြီး ယခုအခါ ကျေးရွာခြင်းဆက်ကွန်ကရစ်လမ်း ပြုလုပ်ထားသောကြောင့် လူမှုစီးပွါး တိုးတက်လာပါသည်။ ကျေးရွာရှိလူများအားလုံးသည် ဗမာလူမျိုးများဖြစ်ပြီး ဗုဒ္ဓဘာသာကိုးကွယ်ကာ ယခုအခါ ဘုန်းတော်ကြီးကျောင်း (၂) ကျောင်းရှိပါသည်။ကျေးရွာရှိအိမ်ထောင်စု၏ သုံးပုံနှစ်ပုံခန့်သည် လယ်ကွင်း၊ ယာကွင်းများတွင်နေထိုင်ပြီး အိမ်ခြေ (၂၀၀) ခန့်သာကျေးရွာ အတွင်းနေထိုင်ကြပါသည်။အဓိက စီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပြီး စပါး၊ ပဲတို့ကို အဓိကစိုက်ပျိုးကြပါသည်။ရှေးအခါက ဘုန်းတော်ကြီးကျောင်းများတွင် ပညာသင်ကြားရာမှ ၁၉၆၀ ခုနှစ်တွင် မူလတန်းကျောင်းကိုရရှိကာ၊ ကျန်းမာရေးအတွက် ဘိန်းတောဆရာများကို အားကိုးပြီး ဆေးဆိုင်များမှသောက်ဆေးများ ဝယ်သောက်ကြရာမှ ၁၉၉၉ခုနှစ်တွင် ကျေးလက်ဆေးပေးခန်း ရရှိလာပါသည်။ ချောင်းစောက်ကျေးရွာ၏ မြောက်ဘက်တွင် သန်လျှင်မြို့နယ်၊ တောင်ဘက်တွင် ကြာကန်ကျေးရွာ၊ အရှေ့ဘက်တွင်ပျဉ်းမကန်ကျေးရွာ၊ အနောက်ဘက်တွင် ဆေးလုံးကြီးကျေးရွာတို့ နှင့် နယ်နမိတ်ထိစပ်နေပါသည်။

လမ်းပန်းဆက်သွယ်ရေးအတွက်ယခုအခါ ကျေးရွာ၏သုံးပုံနှစ်ပုံ ခန့်လမ်းများကို ကွန်ကရစ်ခင်း ထားသော်လည်း ကွက်သစ်ပိုင်းများ၊ ရွာတွင်းအချို့နေရာများတွင် မြေသားလမ်းများဖြစ်သည့်အတွက် မိုးရာသီတွင်သွားလာရေးအခက်အခဲရှိပါသည်။ ရွာတွင်းတွင် မြေသားသောက်ရေကန်(၈)ကန်ရှိပြီး ရေကန်ခြံစည်းရိုးများမလုံခြုံသောကြောင့် သန့်ရှင်းသောသောက်သုံးရေရရှိရေး

အတွက်အခက်အခဲရှိပါသည်။ ၂၀၀၈ခုနှစ်တွင် နာဂစ်မုန်တိုင်းကြောင့် ကျေးရွာရှိအိမ်ခြေ၏ သုံးပုံနှစ်ပုံခန့်သည်ခေါင်မိုးများပျက်စီးခြင်း၊ သစ်ပင်များပျက်စီးခြင်း၊ရွာလမ်းပျက်စီးမှု့များရှိခဲ့ပါသည်။ထောက်ပံ့မှုအတွက် စေတနာရှင်များမှ အစားအသောက်များ၊ တာပေါ်လင်များ၊ အခြားထောက်ပံ့ပစ္စည်းများ လှူဒါန်းကူညီခဲ့ကြပါသည်။

## ၃။ ကျေးရွာရှိအိမ်ထောင်စုစာရင်း

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဗမာ | ၆၄၈ | ၁၀၈၈ | ၁၁၆၃ | ၂၂၅၁ |

## ၄။ ထိနိုက်လွယ်အုပ်စု

| ထိနိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၁၁၃ | ၈၅ | ၂၈ | ၁၁၃ |
| မြေယာမဲ့ | ၂၅၀ | ၄၄၀ | ၅၀၃ | ၉၄၃ |
| မသန်စွမ်း | ၃ | ၂ | ၁ | ၃ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးဆိုင် | |
| ပဲတီစိမ်း | ဝက် | ဆိုင်ကယ်ပြင်ဆိုင် | |
| | ဆိတ် | စက်ဘီးပြင်ဆိုင် | |
| | နွား | မုန့်တီဆိုင် | |
| | ဘဲ | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေရကန် | စက်ရေရတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၃၇၀၀ | ၂၀၀ | - | မရှိ | -/၇ | ၇ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာလာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၆ | ၂၅ | ၄ | ၁၀ | - | ၆ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၅ | - | - | - | ၇၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်/ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၁၈/၁၂ | ၃၁၀ | ၅ | ၂၆၀ | ၁၆ |


## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၁၄-၁၀-၂၀၁၉ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၉ | ၉ | ၁၈ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊ ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ များ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၁၄-၁၀-၂၀၁၉ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၁ | ၁၀ | ၂၁ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက် | ၁၄-၁၀-၂၀၁၉ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၉ | ၉ | ၁၈ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံသုံးသပ်ချက် | ၁၄-၁၀-၂၀၁၉ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၉ | ၁၉ | ၁၈ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအအတွက် မည်သည့်အဖွဲ့များချိတ်ဆဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၁၄-၁၀-၂၀၁၉ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၁၁ | ၇ | ၁၈ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၁၇-၁၀-၂၀၁၉ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၉ | ၉ | ၁၈ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ

### ၁။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ  သုံးသပ်ချက်။




### သုံးသပ်ချက်

ချောင်းစောက်ကျေးရွာတွင် အိမ်ထောင်စု (၆၄၈)စု ရှိပြီး လူဦးရေ (၂၁၈၃) ယောက်ရှိပါသည်။ ဗမာလူမျိုးများနေထိုင်ပြီးဗုဒ္ဓဘာသာကိုးကွယ်ကာဘုန်းတော်ကြီးကျောင်း(၂)ကျောင်းရှိပါသည်။ရွာတွင်င်းလမ်းများတွင် သုံးပုံ (၂)ပုံခန့်မှာ ကွန်ကရစ်လမ်းများဖြစ်ပြီး အချို့လမ်းသွယ်များမှာ မြေသားလမ်းများ ဖြစ်သောကြောင့် မိုးတွင်းသွားလာရေး အခက်အခဲရှိပါသည်။ လူထုဗဟိုပြုစီမံကိန်းအနေဖြင့် ပထမနှစ်တွင် အရှေ့ကွက်သစ်လမ်း ကွန်ကရစ်ခင်းခြင်းနှင့် ရေပြွန်(၃)စင်းတို့အား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဒုတိယနစ်တွင် ရွာတွင်းလမ်းဖြစ်သော အနောက်ကွက်သစ်လမ်း ကွန်ကရစ်ခင်းခြင်းအား အကောင်အထည်ဖော် ဆောင်ရွက်သွားပြီးဖြစ်သည်။ယခုတတိယနှစ်တွင် ကျေးရွာတွင်းလမ်းများကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရွာရှိလူအများစု သည်လယ်ယာ ကွင်းထဲတွင် နေထိုင်ကြပြီး သုံးပုံတစ်ပုံခန့်သာကျေးရွာအတွင်းတွင်နေထိုင်ကြပါသည်။အဓိကစီးပွါးရေးလုပ်ငန်းများအဖြစ်လယ်/ယာ လုပ်ငန်းကို လုပ်ကိုင်ကြပြီး၊ ကျပန်းလုပ်ကိုင်သူ ၄၀%ခန့်ရှိပါသည်။ရွာတွင် မြေသားသောက်သုံးရေကန်

(၈)ကန်ရှိပြီး ရေကန်ခြံစည်းရိုးကာရန်ထားခြင်းမရှိသောကြောင့် သန့်ရှင်းသောသောက်သုံးရေ ရရှိရန် အခက်အခဲရှိပါသည်။

ချောင်းစောက်ကျေးရွာသည်ကျောက်တန်းမြို့၏အရှေ့မြောက်ဘက်တွင်တည်ရှိပြီးမြောက်ဘက်တွ
းမြောက်ဘက်တွင်သံလျှင်ချောင်းစောက်ကျေးရွာ၊တောင်ဘက်တွင်ကြာကန်ကျေးရွာ၊အရှေ့ဘက်တွင်ပျဉ်
ံတွင်ပျဉ်းမကန်ကျေးရွာ၊အနောက်ဘက်တွင်ဆေးလုံကြီးကျေးရွာတို့နှင့်နယ်နိမိတ်ခြင်းထိစပ်နေပါသည်။
ပ်နေပါသည်။ပညာရေးအတွက် မူလတန်းကျောင်းနှင့် မူကြိုကျောင်း
သာရှိပါသည်။စာသင်ကျောင်းများတွင်ကျန်းမာသန့်ရှင်းရေးအတွက်ယင်လုံအိမ်သာများလိုအပ်ချက်ရှိပါသ
ရှိပါသည်။ကျန်းမာရေးဝန်ဆောင်မှု့များမလုံလောက်သည့်အတွက် ကိုယ်ဝန်ဆောင်များ
မလုံလောက်သည့်အတွက် ကိုယ်ဝန် ဆောင်များ အရေးပေါ်လူနာများကုသရာတွင် အခက်အခဲရှိပါသည်။

## ၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။

ချောင်းစောက်ကျေးရွာ၊ ရေကျော်ကျေးရွာ အုပ်စု

၁၇-၁၀-၁၉ ဥစ္စာဓနကြွယ်ဝမှု ပုံစံပြဇယား

| အမျိုးအစား | သတ်မှတ်ချက်များ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ပြည့်စုံသော အိမ်ထောင်စု | ဆိုင်ကယ်၊ ထွန်စက်၊ လယ်(၁၅ဧက) ကား၊ ခြွေစက်၊ တိုက်အိမ် | ၆၅ | ၁၀% |
| အလယ်အလတ် အိမ်ထောင်စု | ဆိုင်ကယ်၊ လယ်(၅ဧက)၊ ပျဉ်ထောင်အိမ်၊ လယ်ယာသုံးစက် | ၃၂၄ | ၅၀% |
| နွမ်းပါးသော အိမ်ထောင်စု | ဓနိအိမ်၊ စက်ဘီး၊ လက်လုပ်လက်စား၊ ကလေးများ မူလတန်းထိသာထားနိုင် | ၂၅၉ | ၄၀% |
| စုစုပေါင်း | | ၆၄၈ | ၁၀၀% |


ပါဝင်ဆွေးနွေးသူ => ကျား (၉)၊ မ (၉)

### သုံးသပ်ချက်

ချောင်းစောက်ကျေးရွာတွင် ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးဟူ၍ လူမှုအဆင့် (၃)ဆင့်ရှိပါသည်။ ချမ်းသာသော အဆင့်မှာ တိုက်အိမ်၊ လယ်-၁၅ ဧကအထက်၊ ကား၊ ရိတ်သိမ်းချွေလှေ့စက်၊ လယ်တွန်းထွန်စက်၊ ဆိုင်ကယ်၊ ခြွေလှေ့စက်နှင့် စိုက်ပျိုးရေးလုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်ကြပြီး အိမ်ထောင်စုမှာ (၆၅)စုနှင့် ရာခိုင်နှုန်းမှာ(၁၀%)ရှိပြီး၊ အလယ်အလတ်ရှိသောအဆင့်တွင် ပျဉ်ထောင်၊သွပ်မိုးအိမ်၊ လယ်-၅ဧက၊ လက်တွန်းထွန်စက်၊ ဆိုင်ကယ်၊ စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြသော အိမ်ထောင်စုမှာ (၃၂၄) စုနှင့် ရာခိုင်နှုန်းမှာ (၅၀%) နှင့် နွမ်းပါးသောအဆင့်မှာ ဓနိမိုးအိမ်၊ ထရံကာ၊ စက်ဘီး၊ သားသမီးများကိုမူလတန်းအဆင့်ထိသာကျောင်းထားနိုင်သောအိမ်ထောင်စုမှာ (၂၅၉)စု ရာခိုင်နှုန်းမှာ (၄၀%) ရှိသည်ဟု ကျေးရွာသူရွာသားများမှ သတ်မှတ်ခဲ့ကြပါသည်။

ကျေးရွာအတွင်း နွမ်းပါးရခြင်းမှာ လယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမရှိဘဲ နေ့စားကျပန်းလုပ်ငန်းများလုပ်ကိုင်ခြင်း၊ပညာအရည်အချင်းနည်းပါးရခြင်း ၊ အရင်းအနှီးမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ၃။ ရာသီစွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



ချောင်းဆောက်ကျေးရွာ၊ ရေကျော်ကျေးရွာအုပ်စု

ရာသီစွင်ပြ ပြက္ခဒိန်

၁၇.၁၀.၂၀၁၉

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | နေပူ | နေပူ | မိုးအုံ့ | မိုးကောင်း | မိုးကောင်း | မိုးရွာ/နေပူ | မိုးရွာ/နေပူ | မိုးရွာ/နေပူ | နေပူ/နှင်း | နှင်းကျ နေသာ | နှင်းကျ/နေသာ | နေပူ |
| ပွဲတော် | သင်္ကြန်ပွဲ | - | - | - | - | - | ကထိန် | ကထိန် | - | တရားပွဲ | - | ဘုရားပွဲ |
| စိုက်ပျိုးရေး | - | - | ထွန်ယက် မျိုးကျဲ | ကောက်စိုက် | မြေဩဇာ ကျဲ | သီးနှံထွက် | စပါးရိတ် | စပါးရိတ် သိမ်း | ထွန်ယက် ပဲမျိုးကျဲ | ဆေးဖျန်း သီးနှံထွက် | သီးနှံထွက်/ ရှူး | ပဲသိမ်း/ရှူး |
| ဈေးမြှုရေး | ကြက်→ဆိတ်→ဘဲ→ဝက်→နွား→ | → | → | → | → | → | → | → | → | → | → | → |
| လမ်းပန်းဆက်သွယ်ရေး | ကောင်း | ကောင်း | ညံ့ | ညံ့ | ညံ့ | ညံ့ | သင့် | သင့် | ကောင်း | ကောင်း | ကောင်း | ကောင်း |
| ကျန်းမာရေး | ဝမ်းရောဂါ ဝမ်းပျက် | ဝမ်းရောဂါ ဝမ်းပျက် | တုတ်ကွေး | တုတ်ကွေး | - | - | ဖျား/နာ | ဖျား/နာ | - | - | - | ဝမ်းရောဂါ ဝမ်းပျက် |
| ဝင်ငွေ | နည်း | နည်း | နည်း | သင့် | သင့် | နည်း | သင့် | ကောင်း | ကောင်း | နည်း | ကောင်း | ကောင်း |
| အလုပ်အကိုင် | နည်း | နည်း | ပေါ်များ | ပေါ်များ | နည်း | နည်း | ပေါ်များ | ပေါ်များ | သင့် | သင့် | ပေါ်များ | ပေါ်များ |
| သောက်သုံးရေ | ရှား | ရှား | သင့် | ပေါ်များ | ပေါ်များ | ပေါ်များ | ပေါ်များ | ပေါ်များ | ပေါ်များ | ပေါ်များ | ပေါ်များ | ရှားပါး |

ပါဝင်ဆွေးနွေးသူ => ကျား (၁၁)၊ မ (၁၀)

**သုံးသပ်ချက်**

**ရာသီဥတု** တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် မိုးအနည်းငယ်သာ ရွာ၍ နယုန်၊ဝါဆို၊ ဝါခေါင်လများတွင် မိုးများပါသည်။ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူး လများတွင် ရာသီဥတုသာယာပါသည်။

**ပွဲတော်များ** တန်းခူးလမှာ သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲ၊ တပေါင်းလတွင် ဘုရားပွဲတော်များကျင်းပကြပါသည်။

**စိုက်ပျိုးရေး** နယုန်လနှင့်ဝါဆိုလများတွင်စပါးကို စတင်စိုက်ပျိုးပါသည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် စပါးရိတ်သိမ်းကြပါသည်။ စပါးရိတ်သိမ်းပြီးချိန်တွင် ပဲတီစိမ်းများကို သီးထပ်စိုက်ပျိုးကြပါသည်။

**မွေးမြူရေး** မိသားစုတပိုင်တနိုင်ဝင်ငွေရရှိရန်အတွက် ကြက်၊ဝက်၊ဆိတ်၊နွား၊ဘဲ တို့ကို မွေးမြူကြပါသည်။

**လမ်းပန်းဆက်သွယ်ရေး** အချို့နေရာများတွင် မိုးရာသီ၌သွားလာရာခက်ခဲသောကြောင့် ကျောင်းသားများ သွားလာရေးခက်ခဲခြင်း၊ ကုန်ပစ္စည်းများတင်ပို့ရန်အခက်အခဲရှိပါသည်။

**ကျန်းမာရေး** ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သောနာစေးခြင်း၊ ချောင်းဆိုးခြင်းတို့ဖြစ်လေ့ရှိ ပါသည်။ တန်ခူး၊ ကဆုန် လများတွင် ဝမ်းပျက်ဝမ်းလျော ရောဂါနှင့် မိုးများသော လများတွင် သွေးလွန်တုတ်ကွေးရောဂါ တို့ဖြစ်လေ့ရှိပါသည်။

**ဝင်ငွေ** -တန်ဆောင်မုန်း၊ နတ်တော်၊ တပို့တွဲ၊ တန်ပေါင်းလများ တွင် ရာသီသီးနှံပေါ်ချိန်ဖြစ်၍ ဝင်ငွေ ကောင်းသောအချိန်ဖြစ်ပါ သည်။ ဝါဆို၊ဝါခေါင်လစပါးစိုက်ပျိုးချိန်တွ င်ဝင်ငွေအ သင့်အတင့် ရှိသော်လည်းကျန်လများတွင်နေ့စားလုပ်ငန်းများဖြင့်သာလုပ်ကိုင်ဆောင်ရွ က်ရခြင်းကြောင့် မိသားစုဝင်ငွေမှာ နည်းပါးပါသည်။

**အလုပ်အကိုင်အခွင့်အလမ်း** ကျေးရွာ၏အဓိက စီးပွါးရေးလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သောကြောင့် စပါး စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်၊ပဲစိုက်ချိန်၊သိမ်းချိန်များတွင် အလုပ်အကိုင်အ ခွင့်အလမ်းရှိ သော်လည်း ကျန်အချိန် များတွင် နေ့စားလုပ်သားအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးမှုနှင့် ကြုံတွေ့ရပါသည်။

**သောက်သုံးရေ** တပေါင်း၊တန်ခူး၊ကဆုန်လများတွင် အပူချိန်မြင့်မားသောကြောင့် ကျေးရွာတွင်းရှိ မြေသား သောက်ရေကန်များရေနည်းခြင်း၊အနည်ထခြင်းများကြောင့်သောက်ရေအတွအခက်အခဲ ရှိပါသည်။

## ၄။ ဗင်းပုံစံသုံးသပ်




## သုံးသပ်ချက်

ချောင်းစောက်ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာတွင်းအဖွဲ့အစည်းများနှင့် ကျေးရွာဖွံ့ဖြိုးတိုး တက်ရေးအတွက်ဦးဆောင်ကာ အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောက်ရွက်ခဲ့ပါသည်။ ကျေးရွာတွင်းရှိအခြားအဖွဲ့များ သည်လည်း မိမိတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် တတ်အားသမျှစုပေါင်းဆောင်ရွက် နေကြပါသည်။ လူထုဗဟိုပြု စီမံကိန်းကော်မတီသည် မြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံး၊ ကျေးလက်ဦးစီးဌာန အစရှိသော ဌာနအဖွဲ့အစည်းများနှင့် ပူပေါင်း၍ကျေးရွာသူ ကျေးရွာသားများထံမှအခက်အခဲ၊ မျော်မှန်းချက်များ အားဖော်ထုတ်၍ ကျေးရွာ၏လိုအပ် နေသောအခြေခံအဆောက်အဦးများအား ဦးဆောင်ကာဆောင်ရွက်လျက်ရှိပါသည်။ ဂေါပကအဖွဲ့နှင့်လူမှု့ကူညီရေး အဖွဲ့သည်ဘာသာရေးကိစ္စများတွင် အဓိကပါဝင်သည်။

မြစိမ်းရောင်အဖွဲ့၊ ပက်မြန်မာ၊ သမဝါယမအသင်းနှင့် စိုက်ပျိုးရေးဘဏ် တို့သည်ကျေးရွာလူထုဝင် ငွေရရှိရေးအတွက်မြို့နယ်နှင့် ချိတ်ဆက်ဆောင်ရွက်မှု့များရှိပါသည်။ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့သည် မြို့နယ်ရှိအထွေထွေအုပ်ချုပ်ရေးမှုးရုံး နှင့် ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေး နှင့်တည်ငြိမ်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု့များရှိပါသည်။ ကျေးရွာရှိကြက်ခြေနီအဖွဲ့သည် မြို့နယ်ကြက်ခြေနီအဖွဲ့နှင့်ချိတ်ဆက်ကာ သင်တန်းများပေးခြင်းနှင့် ကျေးရွာလူထုအား အသိပညာဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ပါသည်။ ပညာရေး လုပ်ငန်းများအတွက် ကျေးရွာရှိကျောင်းကော်မတီနှင့် မူကြိုကျောင်းကော်မတီတို့သည် မြို့နယ်ပညာရေးမှူးရုံးနှင့် ချိတ်ဆက်ကာ လိုအပ်ချက်များကို ဆောင်ရွက်မှု့များရှိပါသည်။

ကျေးရွာရှိအရံ မီးသတ်အဖွဲ့သည် မြို့နယ်မီးသတ်အဖွဲ့နှင့် ချိတ်ဆက်ကာ ကျေးရွာလုံခြုံရေး နှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက်အသိပညာပေးခြင်း၊ကြီးကြပ်ခြင်းလုပ်ငန်းများဆောင်ရွက်လျှက်ရှိပါ က်လျှက်ရှိပါသည်။မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့သည်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး စောင့်ရှောက်ရေးအဖွဲ့နှင့်ချိတ်ဆက်ကာကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကိုဆောင်ရွက်လက်ရှိ ပါသည်။

## ၅။ ပင့်ကူအိမ် သုံးသပ်ချက်။



## သုံးသပ်ချက်

**လူမှုရေးကိစ္စများတွင်ပါဝင်နိုင်မှု** ကျေးရွာရှိ လူမှုရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများသည် အမျိုးသားများနည်းတူပူးပေါင်းလုပ်ဆောင် လာနိုင်သည်ကို တွေ့ရှိရပါသည်။

**အမွေရပိုင်ခွင့်** အမျိုးသားများနှင့် အမျိုးသမီးများသည် အမွေရပိုင်ခွင့်တွင်တန်းတူအခွင့်ရေးမရရှိသေးဘဲ အမျိုးသားများကသာပိုမို ရရှိနေသည်ကို တွေ့ရှိရပါသည်။

**ကျန်းမာရေးဗဟုသုတ** အမျိုးသမီးများနှင့် အမျိုးသားများသည် ကျန်းမာရေးအသိပညာပိုင်းတွင် အမျိုးသားများထက် ကျန်းမာရေးအသိပညာပိုင်းတွင် သာနေသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးများ ကျန်းမာရေးအသိပညာပိုင်းတွင် သာနေရခြင်းအကြောင်းရင်းမှာ မိမိ၏ရင်သွေးငယ်များနှင့် မိမိ၏အမျိုးသားများနာမကျန်းဖြစ်ပါက ပြုစုစောင့်ရှောက်ရသောကြောင့် ကျန်းမာရေးဗဟုသုတပိုင်းတွင် ပိုမိုသိရှိကြပါသည်။

**အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှု** အိမ်မှုကိစ္စဆောင်ရွက်ရာတွင် အမျိုးသမီးများကအများဆုံးတာဝန်ယူထားပြီး အမျိုးသားများကလည်းစီမံကိန်းပထမနှစ်ဒုတိယနှစ်များထက်ပူးပေါင်းပါဝင်ပေးလာသည်ကို တွေ့ရပါသည်။

**ပညာရေး** ပညာသင်ကြားနိုင်မှုအခွင့်အလမ်းတွင်လည်း အမျိုးသားများသည် အမျိုးသမီးများထက် ပညာသင်ကြားခွင့်တွင် ရှေးရိုးစွဲအစဉ်လာများကြောင့် ပိုမိုနေကြောင်း တွေ့ရှိရပါသည်။


**ဦးဆောင်နိုင်မှု** ကျေးရွာ၏ဘာသာရေး၊ သာသနာရေး အစရှိသည်တို့တွင် အမျိုးသမီးများ၏ ဦးဆောင်နိုင်မှုမှာ စီမံကိန်းမဝင်ခင်ယခင်နှစ်များထက် ပို၍ဦးဆောင်လာနိုင်ကြောင်း တွေ့ရှိရပါသည်။


**အလုပ်ကိုင်အခွင့်လမ်း** ကျေးရွာအတွင်းအမျိုးသားများနှင့် အမျိုးသမီးများသည် အလုပ်အကိုင်အခွင်အလမ်းမှာ စီမံကိန်းမဝင်ခင်ယခင်နှစ်များထက် ရာခိုင်နှုန်းတိုးတက်လာသော်လည်း အနည်းငယ် ကွာခြား နေသေးကြောင်း တွေ့ရှိရပါသည်။ သို့သော်အမျိုးသမီးများသည် ရာခိုင်နှုန်းနည်းနေရခြင်းအကြောင်းရင်းမှာ အမျိုးသားများကဲ့သို့ စက်မှုလက်မှု အတတ်ပညာများ မရှိခြင်း၊ အခြေခံအသက်မွေးဝမ်းကျောင်းအတတ်ပညာသင်ယူမှုနည်းပါးခြင်း၊ စွန့်ဦးတီထွင်လိုစိတ်အလေ့အထမရှိခြင်း၊ မှီခိုလိုသောစိတ်ရှိခြင်းနှင့်အားနွဲ့ခြင်း၊ လုံခြုံမှုမရှိခြင်း အလုပ်အကိုင်အခွင့်အလမ်းများနှင့်ပတ်သက်သောသတင်းအချက်အလက်များ လက်လှမ်းမှီမှု နည်းပါးခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းတွင် အားနည်းပါသည်။

**ဝင်ငွေရရှိမှု**

ဝင်ငွေရရှိမှုတွင် အမျိုးသမီးများသည်ယခင်နှစ်များထက် ရာခိုင်နှုန်းပိုတိုးလာသော်လည်း အမျိုးသားများနှင့် ယှဉ်လျှင် အနည်းငယ်ကွာဟနေသေးကြောင်း တွေ့ရှိရပါသည်။ အကြောင်းမှာ အသက်မွေးဝမ်းကျောင်းအတတ်ပညာနည်းပါးခြင်းကြောင့်လည်းကောင်း၊ အိမ်ထောင်ရက်သားပြု ပါက အမျိုးသားများမှလုပ်ကျွေးမည်ဖြစ်သော အတွေးအမြင်များ ကြောင့်လည်းကောင်း၊ တချို့သောအမျိုးသမီးများမှလည်း မိမိတို့လုပ်ကိုင်ဆောင်ရွက်ရန် မဖြစ်နိုင်သော အလုပ်များဟုသတ်မှတ်ခြင်း(ဥပမာ- ဆောက်လုပ်ရေးအလုပ်များ)တို့ ကြောင့် အမျိုးသမီးများအလုပ်အကိုင် နည်းပါးပြီးဝင်ငွေနည်းပါးရခြင်းဖြစ်သည်။

## ၆။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း။



**သုံးသပ်ချက်**

**ထိန်းချုပ်မှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော လယ်ယာမြေ၊ လယ်ထွန်စက်၊ သုသာန်၊ အုပ်ချုပ်ရေးမှူးရုံး၊ သောက်ရေကန်၊ စက်ရေတွင်း၊ စာကြည့်တိုက်၊ ဘောလုံးကွင်းစသည့် အရင်းအမြစ်များကို အမျိုးသားများမှ ထိန်းချုပ်ထားပါသည်။ အပ်ချုပ်စက်အား အမျိုးသမီးများမှ ထိန်းချုပ်ထားပြီး အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးထိန်းချုပ်ထားသော အရင်းအမြစ်များမှာ လမ်း၊ ဆိုင်ကယ်၊ ဆေးပေးခန်း၊ စာသင်ကျောင်းစသည်တို့ ဖြစ်ပါသည်။

**အသုံးပြုမှု** ကျေးရွာ၏ အရင်းအမြစ်ဖြစ်သောဘာလုံးကွင်းတစ်ခုတည်းကိုသာအမျိုးသားများအသုံးပြုပြီး အပ်ချုပ်စက်အား အမျိုးသမီးများသာ အသုံးပြု၍ အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးအသုံးပြုသော အရင်းအမြစ်များမှာ လယ်ယာမြေ၊ လမ်း၊ ဆိုင်ကယ်၊ လယ်ထွန်စက်၊ ဆေးပေးခန်း၊ သုသာန်၊ အုပ်ချုပ်ရေးမှူးရုံး၊ စာသင်ကျောင်း၊ သောက်ရေကန်၊ စက်ရေတွင်း၊ စာကြည့်တိုက် တို့ကို အသုံးပြုကြပါသည်။

## ၇။အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီးများ အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင်ကတည်းက နောက်လာမည့် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကိုလွတ်လပ်ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြတောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်းပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည်တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ဆုံးဖြတ်ချက်များချခြင်းစသည်တို့ကို ပြုလုပ်ရမည် ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်း လုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက်စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။** **ရက်စွဲ - ၁၇.၁၀.၂၀၁၉**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရား များကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင် ါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ် ၁းတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခတ် အခဲများကို သင်ဆွေနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေး ွးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

| | | | | |
|---|---|---|---|---|
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက်ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက်ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၈။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



ပထမအကြိမ်အစည်းအဝေး မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲမပြုလုပ်မီ မှတ်တမ်းဓာတ်ပုံ

## ၉။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | | ရာထူး |
|---|---|---|---|---|
| | | ကျား | မ | |
| ၁ | ဦးမြင့်စိုး | √ | | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်တင်နွဲ့ | | √ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးစိုးသန်း | √ | | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးအေးလွင် | √ | | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်အိစန္ဒာအောင် | | √ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးဖြိုးဝေလင်း | √ | | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဒေါ်သန္တာရွှေ | | √ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဦးခင်ဝင်း | √ | | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၉ | ဒေါ်မူမူအေး | | √ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၀ | ဦးဝင်းရွှေ | √ | | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဒေါ်ဝေသူနှင်း | | √ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၂ | ဦးဝင်းအောင် | √ | | စေတနာ့ဝန်ထမ်း |
| ၁၃ | ဒေါ်စန်းစန်းဝင်း | | √ | စေတနာ့ဝန်ထမ်း |
| ၁၄ | ဒေါ်အေးအေးမော် | | √ | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၄)  ကျား-၇ ယောက် + မ-၇ ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

| စဉ် | အမည် | လိင် | | ရာထူး |
|---|---|---|---|---|
| | | ကျား | မ | |
| ၁ | ဦးရဲကျော်သီ | | | ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ |
| ၂ | ဒေါ်ခင်မျိုးလှိုင် | | | ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ |
| ၄ | ဦးသန်းဇော်အေး | | | ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ |
| ၅ | ဦးမြင့်စိုး | | | ဘဏ္ဍာရေးဆပ်ကော်မတီ၊ စာရင်းကိုင် |
| ၆ | ဒေါ်ဥမ္မာခင် | | | ဘဏ္ဍာရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| | ဒေါ်တင်နွဲ့ | | | ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊အဖွဲ့ဝင် |

**မှတ်တမ်းတင်သူ**

အမည်။ ဦးထက်နိုင်ဦး

ရာထူး။ လူထုစည်းရုံးရေးမှူး

## ၁၀။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်စရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏အမည် |
|---|---|---|
| နိုင်ဇင်အောင် | 09.790878708. | ဦးထက်နိုင်ဦး |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ရန်ကုန်တိုင်းဒေသကြီး | ကျောက်တန်းမြို့ | ရေကျော် | ချောင်းဆောက် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)---ဗမာ--- | ၆၄၈ | ဘာသာ(၁)-ဗုဒ္ဓဘာသာ | ၆၄၈. |
| လူမျိုးစု (၂)------------ | | ဘာသာ(၂)------------ | |
| လူမျိုးစု (၃)------------ | | ဘာသာ(၃)------------ | |
| လူမျိုးစုရော------------- | | ဘာသာရော----------- | |
| အခြား | | | |

| | အရေအတွက် |
|---|---|
| မသန်စွမ်းသူများ | ၇ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၂၄ |
| စစ်ဘေးရှောင် | ၀ |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | ၁၀၈၈ | ၁၁၆၃ | ၂၂၅၁ |
| လူမျိုးစု (၁)---ဗမာ | ၁၀၈၈ | ၁၁၆၃ | ၂၂၅၁ |
| လူမျိုးစု (၂)---------- | | | |
| လူမျိုးစု (၃)---------- | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | ၅၉၄ | ၅၄ | ၆၄၈ |

(ခ)အခြေခံအဆောက်အအုံ အသုံးအဆောက်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂)ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသောလမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | (ကွန်ကရစ်လမ်း) | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) **ကျေးရွာဖွံ့ဖြိုးမှုစီမံချက်** ဝိုင်းပါ

(၁) **လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား?** ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှရင်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်-၃၅--/မဆိတ်

(၂) ဤကျေးရွာမှ ရင်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၂၀ မိနစ်---ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန်---၂၀ မိနစ်---ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ---နာဂစ်---

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---ပတ်မြန်မာ---

(၂) ---မြစိမ်းရောင်---

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးငြိမ်း...

လက်မှတ် နေ့စွဲ 17.10.19.

လူထုစည်းရုံးရေးမှူး အမည် မိုးထက်နိုင်ဦး

လက်မှတ် နေ့စွဲ 17.10.19

# ၁၁။ ပုံစံ စ-၂။ စီမံကိန်းစက်ဝန်းအချိန်ဇယား

**ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)**

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးထွန်းနိုင်ဦး | | | |
| နေ့စွဲ ၈.၁၁.၁၉ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☑ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ရခိုင် | မြို့နယ် - ကျောက်တော် | ကျေးရွာအုပ်စု ရဲကျော် | ကျေးရွာ - ချောင်းဝဆောင် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် | လူမျိုးစုအမည် | အိမ်ထောင်စု ပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 17.10.19 | 17.10.19. | ၂၀၉ | ၁၄၄ | ၃၅၃ | ၃၅၃ | ဗမာ | ၆၄၈ | ၅၄.၅% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 18.10.19 | 18.10.19 | ၁၈၉ | ၁၄၀ | ၃၂၉ | ၃၂၉ | ဗမာ | ၆၄၈ | ၅၀.၈% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင် အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖေါ်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | | | |

# ၁၂ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

**ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)**

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးထွန်းနိုင်ဦး | | | |
| နေ့စွဲ 18.10.19 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☑ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း<br>ရန်ကုန်တိုင်းဒေသကြီး | မြို့နယ်<br>ကျောက်တန်းမြို့နယ် | ကျေးရွာအုပ်စု<br>ဓနုကျော် | ကျေးရွာ<br>ချောင်ဆောက် |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| အသက်မွေးဝမ်းကြောင်းနည်းပညာ အားနည်းခြင်း | ☐ ကျား ☑ မ ☐ ကျား+ မ |
| အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း | ☐ ကျား ☑ မ ☐ ကျား+ မ |
| စာသင်ကျောင်းများ ဖြစ်ဆင်ကျဲ အခက်အခဲ | ☐ ကျား ☑ မ ☐ ကျား+ မ |
| စာသင်ကျောင်း အိမ်သာ မလုံလောက်ခြင်း | ☐ ကျား ☑ မ ☐ ကျား+ မ |
| သန့်ရှင်းသော သောက်သုံးရေ မရှိခြင်း | ☐ ကျား ☐ မ ☑ ကျား+ မ |
| စိုက်ပျိုးရေး နည်းပညာများ အားနည်းခြင်း အခက်အခဲ | ☐ ကျား ☑ မ ☐ ကျား+ မ |
| လမ်းများ သွားလာရ ခက်ခဲခြင်း | ☐ ကျား ☐ မ ☑ ကျား+ မ |
| ကျန်းမာရေး ဝန်ဆောင်မှု ခက်ခဲခြင်း | ☐ ကျား ☐ မ ☑ ကျား+ မ |
| အများသုံး လူနာတင်ယာဉ် ရရှိမှု ခက်ခဲခြင်း | ☐ ကျား ☑ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |

မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များ | |
|---|---|
| သန့်ရှင်းသော သောက်သုံးရေများ ရရှိလာစေရန် | □ ကျား □မ ☑ ကျား+ မ |
| အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေရန် | □ ကျား □မ ☑ ကျား+ မ |
| လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလာစေရန် မျှော်လင့် | □ ကျား □မ ☑ ကျား+ မ |
| ကျန်းမာရေး ဝန်ဆောင်မှုများ ကောင်းမွန်လာစေရန် | □ ကျား □မ ☑ ကျား+ မ |
| စာသင်ကျောင်းများ ပြည့်စုံကောင်းမွန်လာစေရန် မျှော်လင့် | □ ကျား □မ ☑ ကျား+ မ |
| အလုံးကျွတ် လျှပ်စစ်မီး လာစေရန် မျှော်လင့် | □ ကျား □မ ☑ ကျား+ မ |
| သစ်တော်များ ရရှိလာမည်ဟု မျှော်လင့်ထားသည် | □ ကျား □မ ☑ ကျား+ မ |
| | □ ကျား □မ □ ကျား+ မ |
| | □ ကျား □မ □ ကျား+ မ |
| | □ ကျား □မ □ ကျား+ မ |
| | □ ကျား □မ □ ကျား+ မ |
| | □ ကျား □မ □ ကျား+ မ |

ဂ။ လူထုစီမံကိန်း၏ လာမည့်( ၄)နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| ဦးစားပေး အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား+အမျိုးသမီး) | အခန်း ကဏ္ဍ | ဦးစား ပေး အဆင် သတ်မှတ်ချက် | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေအရေအတွက် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | ပေါင်း |
| ၁ | ရွာတွင်းလမ်းများ ကျောက်ခင်းခြင်း | အမျိုးသား + အမျိုးသမီး | လမ်းပန်း ဆက်သွယ်ရေး | ၁ | ၁၆,၄၆,၀၀၀ကျပ် | ၁၀၈၈ | ၁၁၆၅ | ၂၂၅၃ |
| ၂ | မိုးရေလှောင်ကန် ဖြစ်ရေသိုကို ခတ်ခြင်း | အမျိုးသား+ အမျိုးသမီး | ရေနှင့်သန့်ရှင်းရေး ကဏ္ဍ | ၂ | ၄၀,၀၀၀,၀၀၀ကျပ် | ၁၀၈၈ | ၁၁၆၅ | ၂၂၅၃ |
| ၃ | စာသင်ကျောင်း ပြုပြင်ခြင်း | အမျိုးသား + အမျိုးသမီး | ပညာရေး ကဏ္ဍ | ၃ | ၃၅,၀၀၀,၀၀၀ကျပ် | ၁၀၈၈ | ၁၁၆၅ | ၂၂၅၃ |
| ၄ | လျှပ်စစ်မီတာအားကျိုင်း ဆွဲချခြင်း | အမျိုးသား+အမျိုးသမီး | မီးလင်းရေး ကဏ္ဍ | ၄ | ၃၀,၀၀၀,၀၀၀ကျပ် | ၁၀၈၈ | ၁၁၆၅ | ၂၂၅၃ |
| ၅ | | | | | | | | |

| ဦးစားပေး အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား+အမျိုးသမီး) | အခန်း ကဏ္ဍ | ဦးစား ပေး အဆင် သတ်မှတ်ချက် | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေအရေ အတွက် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | ပေါင်း |
| ၆ | | | | | | | | |
| ၇ | | | | | | | | |
| ၈ | | | | | | | | |
| ၉ | | | | | | | | |
| ၁၀ | | | | | | | | |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အများသုံး လူနာတင်ကား | အမျိုးသား + အမျိုးသမီး | ကျန်းမာရေး ကဏ္ဍ |
| ၂ | မွေးမြူရေး သင်တန်းများ | အမျိုးသား + အမျိုးသမီး | အသက်မွေးဝမ်းကျောင်း ကဏ္ဍ |
| ၃ | စက်ချုပ်သင်တန်း | အမျိုးသမီး | အသက်မွေးဝမ်းကျောင်း ကဏ္ဍ |
| ၄ | ကျန်းမာရေး ဝန်ထမ်း များ ချပေးရန် | အမျိုးသား + အမျိုးသမီး | ကျန်းမာရေး ကဏ္ဍ |
| ၅ | [illegible]သင်တန်း များ ပေးရန် | အမျိုးသား + အမျိုးသမီး | အသက်မွေးဝမ်းကျောင်း ကဏ္ဍ |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည် ---ဒေါ်တင်နု--- လက်မှတ် ---[signature]--- နေ့စွဲ---18.10.19---

# ၁၃။ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှုရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူသို့ အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိတ်ပံ့ပိုးရေး | ၁ | [illegible] | ☑မ ☑ကျား | | |
| | ၂ | စက်ချုပ်သင်တန်းများ | ☑မ ☐ကျား | | |
| | ၃ | ကွန်ပျူတာသင်တန်းများ | ☑မ ☑ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | [illegible] | ☑မ ☑ကျား | | |
| | ၂ | [illegible] | ☑မ ☑ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ပညာရေး | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐မ<br>☐ကျား | | |
| | ၅ | | ☐မ<br>☐ကျား | | |
| မြို့ | ၁ | | ☐မ<br>☐ကျား | | |
| | ၂ | | ☐မ<br>☐ကျား | | |
| | ၃ | | ☐မ<br>☐ကျား | | |
| | ၄ | | ☐မ<br>☐ကျား | | |
| | ၅ | | ☐မ<br>☐ကျား | | |

## ၁၄။ အစည်းအဝေးမှတ်တမ်းများ

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ---- ချောင်းဆောက် ကျေးရွာ

ကျေးရွာအုပ်စု ---- ရေကျော် ကျေးရွာ အုပ်စု

အစည်းအဝေးပြုလုပ်သည့်နေရာ ---- ရွာအရှေ့ဘက်ပိုင်း ဘုန်းကြီးကျောင်း ဓမ္မာရုံ

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ---- 11-10-2019

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ ---- ပဏာမ အကြံပြု စီမံကိန်း ဖော်ဆောင် အစည်းအဝေး

အစည်းအဝေးတက်ရောက်သူဦးရေ ။ ။ ကျား (၂၀၉)၊ မ (၁၀၄) စုစုပေါင်း ( ၃၁၃ )

ဆွေးနွေးချက် ။ " စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ၊ လူထုဗဟိုပြု စီမံကိန်း ထောက်ပံ့သော စီမံကိန်း ဖော်ဆောင် အစည်းအဝေးကို (17.10.2019) ရက်နေ့ နံနက် (10:35)မှ စတင် ကျင်းပခဲ့သည်။ ပထမ ဦးစွာ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်အောင်မှ ကျေးရွာလူထုသားများအား ရောက်ရှိနေသော စီမံကိန်း ဖော်ဆောင် ဖြစ်သည့်အတွက် ပူးပေါင်းပါဝင်ပေးကြပါရန် အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ လူထုစည်းရုံးရေးမှူး ဦးထက်ဝင်းနိုင်မှ စီမံကိန်း ရည်ရွယ်ချက် အချက် (၁၅) ချက် အား ကျေးရွာလူထုနှင့် အပြန်အလှန် ဆွေးနွေး ပြောဆိုခဲ့ကြသည်။ ဆက်လက်၍ စီမံကိန်းအဆင့်များ အား အပိုင်း (၆) ပိုင်း အဆင့် (၁၄) ဆင့် နှင့်တကွ ရှင်းပြဆွေးနွေး ခဲ့သည်။

ဆွေးနွေးချက် ။

အတည်ပြုချက်

။ ဆက်လက်၍ လူထုစည်းရုံးရေးမှူး ဦးထက်နိုင်ဦးမှ ကျေးရွာကော်မတီ
ဝင်များ၏ တာဝန်နှင့် ဝတ္တရားများကို ရှင်းပြဆွေးနွေးခဲ့သည်။
ထို့နောက် လက်ရှိ ကော်မတီဝင်များ၏ တူညီမှုနှင့် ကော်မတီတွင် ဆက်လက်
တာဝန် ထမ်းဆောင်ရန် ဆန္ဒရှိ/မရှိ အား ကျေးရွာလူထုနှင့် ကော်မတီဝင်များ
ဆွေးနွေးမေးမြန်းခဲ့ကြသည်။ ထို့နောက် စေတနာ့ဝန်ထမ်းများအား
ပြန်လည်ရွေးချယ် အတည်ပြုရာ ကျေးရွာလူထုမှ စေတနာ့ဝန်ထမ်းများ
အား တာဝန် ဆက်လက်ထမ်းဆောင်ရန် ထောက်ခံခဲ့သည်။ စေတနာ့ဝန်
ထမ်းများမှလည်း [illegible] ကော်မတီအား တာဝန် ဆက်လက်ထမ်းဆောင်
ပေးရန် ဆန္ဒရှိသည့်အတွက် စေတနာ့ဝန်ထမ်းများအား ပြန်လည်အတည်
ပြုခဲ့သည်။ ထို့နောက် ကျေးရွာလူထုမှ ဆွေးနွေးမေးမြန်းခြင်းများ
မရှိတော့သည့်အတွက် ပထမအကြိမ် မိတ်ဆက် အစည်းအဝေးကို
(၁၇.၁၀.၂၀၁၇) ရက်နေ့ နေ့လည် (၂:၀၀) နာရီ အချိန်တွင် ကျေးရွာလူထု
ဆန္ဒနှင့်အညီ ရုပ်သိမ်းခဲ့သည်။

ဦးထက်နိုင်ဦး
လူထုစည်းရုံးရေးမှူး
လူထုဗဟိုပြု စီမံကိန်း ကျောက်တန်း

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ချောင်းဆောက် ကျေးရွာ

ကျေးရွာအုပ်စု ရွှေကျောက် ကျေးရွာ အုပ်စု

အစည်းအဝေးပြုလုပ်သည့်နေရာ အခြေခံ ပညာ ကျောင်းကြီး ရှေ့

အစည်းအဝေးပြုလုပ်သည့်နေ့ရက် 18.10.2019

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ ဒုတိယ အကြိမ် စီမံကိန်း ဖော်ဆောင်မှုအစည်းအဝေး

အစည်းအဝေးတက်ရောက်သူဦးရေ ။ ကျား (၁၈) ၊ မ ( ) ၊ စုစုပေါင်း ( ၃၂၉ )

ဆွေးနွေးချက် ။ ။ကိုယ်ပိုင်ရေး ဆွေးနွေးမှုနှင့် ဆုံးဖြတ်ချက်ဝိုင်းကြီး ရှာဖွေ၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန ၊ လူထုဗဟိုပြု စီမံကိန်း တော့ရှိ ၂ နှစ် သက်တို့၊ ချောင်းဆောက် ကျေးရွာ ဒုတိယ အကြိမ် စီမံကိန်း ဖော်ဆောင် အစည်းအဝေး ကို (18.10.19) ရက်နေ့ နံနက် (10:00) နာရီ အချိန်မှ စတင် ကျင်းပခဲ့သည်။ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဂျင်အောင် မှ ဖွင့်လှစ်ဆွေးနွေးရာတွင် လိုချင်တာထက် အမှန်တကယ် လိုအပ်သော လုပ်ငန်းများကို လုပ်ဆောင်ရန်ကြောင်း နှင့် လုပ်ငန်းများ အကောင်အထည်ဖော်ပါက ကျေးရွာလူထုမှ ကြည်း ပူးပေါင်းပါဝင်ပေး၍ ဆွေးနွေးသည်။ ဆက်လက်၍ လက်တောက်နည်းပညာမှူး ဒေါ်မေမြတ် သန္တာကျော်မှ လုပ်ငန်းခွဲများ နှင့် ပတ်သက်ပြီး သုံးသပ်ဆွေးနွေးခဲ့သည်။ ထို့နောက် ကျေးရွာလူထုအား တတိယ နှစ် လုပ်ငန်းခွဲများ အား ချပြ ဆွေးနွေး မေးမြန်းမှုများ ပြုလုပ်ခဲ့ရာ ကျေးရွာလူထု အားလုံးမှ တတိယနှစ် လုပ်ငန်းခွဲများကိုသာ ဆက်လက် အကောင်အထည်ဖော်ပေးရန် ဆုံးဖြတ် ဆွေးနွေးခဲ့သည်။ ထို့ကြောင့် တတိယနှစ် လုပ်ငန်းခွဲများအား တော့ရှိ ၂ နှစ်သို့ ဆက်လက် အတည်ပြုခဲ့ကြသည်။

ဆွေးနွေးချက် ။ "စေတနာ့ဝန်ထမ်း လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

အတည်ပြုချက်

(၁) ကျေးရွာတွင်းလမ်းများ ကျောက်ချခင်းခြင်း

(၂) မိုးရေလှောင်ကန် ဖြည့်တင်းဆောက်ခြင်း

(၃) စာသင်ကျောင်းဆောင် ပြုပြင်ခြင်း

(၄) လျှပ်စစ်မီးသွယ်တန်းခြင်း

တို့ဖြစ်ကြသည်။ ဆက်လက်၍ ကော်မတီများ ဖွဲ့စည်းရွေးချယ် အတည်ပြုရန် အတွက် ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများအား ရှင်းလင်းတင်ပြပြီး၊ ကျေးရွာလူထု၏ တာဝန် ဝတ္တရားများ [illegible] စီမံကိန်းတွင် ကျေးရွာလူထု၏ ဆုံးဖြတ် ချက်များနှင့် ပူးပေါင်းပါဝင် လုပ်ဆောင်[illegible] ဖြစ်ကြောင်း၊ အဆိုပါဆွေး နွေးမှုများ ပြုလုပ်ခဲ့ကြသည်။ ဆက်လက်၍ လုပ်ငန်းကော်မတီ တစ်ခုချင်းစီအလိုက် ဖွဲ့စည်းအတည်ပြု ရွေးချယ်ရာ ကျေးရွာလူထုမှ ဆယ်အိမ်မှူး အဖွဲ့ ကော်မတီ ဝင်အားလုံး စေတနာ့ဝန်ထမ်း အတွက် ဆက်လက် လုပ်ဆောင်ပေးပါရန် တောင်းဆို ဆုံးဖြတ်ခဲ့သည်။ ကော်မတီဝင်အားလုံးမှ လည်း စေတနာ့ဝန်ထမ်းအား ဖြည့်ဆည်းတာဝန် ထမ်းဆောင်ပေးနိုင်ကြောင်း ပြောကြားသဖြင့် အတွက် ကော်မတီဝင်များအား လူထုမှဆုံး ဖြတ်ချက်၊ ကော်မတီ သဘောတူ ဆန္ဒ [illegible] ဖြင့်သည့် အတည်ပြုခဲ့ကြသည်။ ကျေး အစည်းအဝေး [illegible] ဆုံးဖြတ်ချက်များ ကျေးရွာလူထု၏ ဆန္ဒအတိုင်းသာ ဖြစ်ကြပြီး အစည်းအဝေးကို (18.10.2019) ရက်နေ့ နေ့လည် (1:00) နာရီအချိန် တွင်ပြီးဆုံးခဲ့သည်။

ဦးကျော်နိုင်ဦး

လူထု စည်းရုံးရေးမှူး

လူထုအခြေပြု စီမံကိန်း ကျောက်တန်း

## ၁၅။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-
မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊